# ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းနှင့် ပတ်သက်သော အဓိကအချက်အလက်များ



ပြည်လုံးကျွတ်
သန်းခေါင်စာရင်း
၂၀၁၄

- ၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ည သန်းခေါင်ယံသည် သန်းခေါင်စာရင်းရည်ညွှန်းချိန်ဖြစ်သည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် သင်တို့ရှိနေသည့် နေရာ၌ စာရင်းဝင်မည် ဖြစ်ပါသည်။

- ၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ည သန်းခေါင်စာရင်းရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရှိနေသူ အားလုံးကို လူမျိုးမရွေး၊ ဘာသာမရွေး၊ နိုင်ငံသားမရွေး၊ ကျား/မ မရွေး၊ အသက်မရွေး ကောက်ယူသွားမည် ဖြစ်ပါသည်။ သန်းခေါင်စာရင်းဆိုသည်မှာ သန်းခေါင်စာရင်း ရည်ညွှန်းချိန်၌ မြန်မာနိုင်ငံတစ်ခုလုံးကို လျှပ်တစ်ပြက် ဓာတ်ပုံရိုက်ယူလိုက်သည့် သဘောပင် ဖြစ်ပါသည်။

- စာရင်းကောက်များသည် ၂၀၁၄ ခုနှစ် မတ်လ (၃၀) ရက်နေ့မှ ဧပြီလ (၁၀) ရက်နေ့အတွင်း အိမ်ထောင်စုများနှင့် အဖွဲ့အစည်းများတွင် စာရင်းကောက်ယူမည်ဖြစ်ပါသည်။ စာရင်းကောက်ယူပြီးစီးသောအိမ်များတွင် သန်းခေါင်စာရင်း ကောက်ယူပြီးစီးကြောင်း အမှတ်အသားကတ်ပြားကို ကပ်ထားမည်ဖြစ်သည်။ ၂၀၁၄ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့အထိ သန်းခေါင်စာရင်း ကောက်ယူခြင်း မခံရသေးသော အိမ်ထောင်စု/အဖွဲ့အစည်းများရှိပါက ရပ်ရွာခေါင်းဆောင်များထံ အကြောင်းကြားရပါမည်။ ၎င်းတို့မှ စာရင်းကောက်ယူရန် စီစဉ်ပေးပါလိမ့်မည်။ သန်းခေါင်စာရင်းကောက်ယူချိန်မှာ နံနက် (၇)နာရီမှ ည(၆)နာရီအထိ ဖြစ်ပါသည်။

- သန်းခေါင်စာရင်းကောက်ယူခြင်းတွင် လူတိုင်း ပူးပေါင်းပါဝင်ခြင်းဖြင့် မြန်မာပြည်သူလူထု၏ လူနေမှု အဆင့်အတန်းကို မှန်မှန်ကန်ကန် သိရှိနိုင်မည်ဖြစ်ပါသည်။ သန်းခေါင်စာရင်းမှ ရရှိသော အချက်အလက်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၊ မျှတသော ကိုယ်စားပြုမှုနှင့် စွမ်းအားစုဖြန့်ဝေမှုများ အပါအဝင် ထိရောက်သောစီမံကိန်းများနှင့် မူဝါဒများရေးဆွဲရာတွင် အထောက်အကူပြုမည် ဖြစ်ပါသည်။ သန်းခေါင်စာရင်းတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် သင်တို့၏ လိုအပ်ချက်များကို နိုင်ငံတော်စီမံကိန်းများ ရေးဆွဲရာတွင် ထည့်သွင်း ရေးဆွဲနိုင်မည် ဖြစ်ပါသည်။







ပြည်လုံးကျွတ် သန်းခေါင်စာရင်း ၂၀၁၄

- သန်းခေါင်စာရင်းတွင် သင်ဖြေဆိုခဲ့သော အချက်အလက်များ၏ လုံခြုံစိတ်ချရမှုကို သန်းခေါင်စာရင်းဥပဒေမှ ကာကွယ်ပေးထားပြီး တစ်စုံတစ်ယောက်သည် ထိုအချက်ကို ချိုးဖောက်ခဲ့ပါက သန်းခေါင်စာရင်းဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ပြဌာန်းခဲ့သော သန်းခေါင်စာရင်းဥပဒေသည် သင်ဖြေဆိုခဲ့သော အချက်အလက်များ၏ လုံခြုံမှုကို အကာအကွယ်ပေးထားပါသည်။

- သင်တို့၏ "အိမ်ထောင်စုလူဦးရေစာရင်း" နှင့် "နိုင်ငံသားစိစစ်ရေးကတ်ပြား"ကို မည်သည့်စာရင်းကောက်ကိုမျှ ပြသရန်မလိုပါ။ သန်းခေါင်စာရင်းသည် သန်းခေါင်စာရင်းရည်ညွှန်းချိန်၌ အိမ်ထောင်စု/အဖွဲ့အစည်းများတွင် ရှိနေသူများကိုသာ ကောက်ခံခြင်း ဖြစ်ပါသည်။ အကယ်၍ အိမ်ထောင်စုစာရင်းတွင် မပါဝင်သော်လည်း သန်းခေါင်စာရင်းရည်ညွှန်းချိန်၌ ထိုအိမ်တွင် ရှိနေပါက စာရင်းကောက်ယူမည် ဖြစ်ပါသည်။ အိမ်ထောင်စုလူဦးရေစာရင်းနှင့် သန်းခေါင်စာရင်းသည် လုံးဝသက်ဆိုင်ခြင်း မရှိပါ။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်၌ သင်၏ အိမ်ထောင်စုတွင် ရှိနေသူအားလုံး၏ အချက်အလက်များကို မှန်ကန်စွာ ဖြေဆိုရပါမည်။

- သန်းခေါင်စာရင်းမှ ရရှိသောအချက်အလက်များကို အသုံးပြု၍ အခွန်ကောက်ယူခြင်း၊ ဖမ်းဆီးခြင်း၊ မှတ်တမ်းတင်ခြင်း၊ မှန်မမှန်စစ်ဆေးခြင်းကဲ့သို့သော စာရင်းအင်းနှင့် မသက်ဆိုင်သည့် ကိစ္စရပ်များကို ဆောင်ရွက်မည် မဟုတ်ပါ။ သန်းခေါင်စာရင်းတွင် သင် ဖြေဆိုခဲ့သော အချက်အလက်များကို အသုံးပြု၍ မည်သူကမှ ဖမ်းဆီးအရေးယူခြင်း၊ အခွန်ပိုမိုကောက်ခံခြင်းများ မပြုနိုင်အောင် သန်းခေါင်စာရင်းဥပဒေမှ သင့်ကို ကာကွယ်ပေးထားပါသည်။

- သန်းခေါင်စာရင်းမေးခွန်းများကို မှန်ကန်စွာဖြေဆိုကြရန် လူတိုင်းကို တိုက်တွန်းလိုပါသည်။ သန်းခေါင်စာရင်းသည် သာမန်အိမ်ထောင်စုများ၊ အဖွဲ့အစည်းများ (ဟိုတယ်များ၊ စစ်တန်းလျားများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ စသည်ဖြင့်) နှင့် အထူးလူဦးရေအုပ်စုများ (အိမ်ခြေရာခြေမဲ့များ၊ ဆောက်လုပ်ရေးလုပ်သားများ၊ ဆိပ်ကမ်းလုပ်သားများ စသည်ဖြင့်) အားလုံးကို စာရင်းကောက်ယူမည် ဖြစ်ပါသည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံအတွင်း၌ နေထိုင်သူအားလုံးကို စာရင်းကောက်ယူမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်။**

**www.dop.gov.mm**

**http://myanmar.unfpa.org/census**

UNFPA